


# စက်ဘီးစီးနှင်းသူများအတွက် ယာဉ်၊လမ်းစည်းကမ်းနှင့် ဘေးကင်းရေးလမ်းညွှန်

နိုင်ငံ့ယာဉ်အန္တရာယ်ကင်းရှင်းရေးအဖွဲ့အစည်းနှင့် ဟော့ကိုင်းဒိုးရဲ ဝဘ်ဆိုဒ်များမှ အချက်အလက်များအပေါ် အခြေခံထားသည်။

## စက်ဘီးစစ်ဆေးခြင်း

**စက်ဘီးမစီးမီအောက်ပါအချက်များကိုစစ်ဆေးပြီး ပျက်စီးနေသောနေရာကို ချက်ချင်းပြင်ဆင်ကြပါစို့။**

1. လက်ကိုင်သည်ရှေ့ဘီးနှင့်ဖြောင့်မှတ်ဇဝဒီဂရီ၊သေချာခိုင်မြဲစွာတပ်ဆင်ထားသော အခြေအနေဖြစ်နေပါသလား?
2. ခြေမချော်အောင် ခြေနင်းကိုသေချာစစ်ပါ။
3. စက်ဘီးချိန်းကြိုးလျော့ရိလျော့ရဲမဖြစ်စေရ။
4. ရှေ့နှင့်နောက်ဘီး ဘရိတ်များ မိမမိစစ်ပါ။
5. တာယာပန်းရှိမရှိနှင့်လေလုံလောက်မှုရှိမရှိစစ်ပါ။
6. ရှေ့မီးများကို လမ်းသေချာမြင်ရသောအခြေအနေဖြစ်ပါစေ။
7. နောက်မီးနှင့် အလင်းပြန်များ (အနောက်နှင့် ဘေး) တပ်ဆင်ပါ။
8. သင့်စက်ဘီး၏ အစိတ်အပိုင်းတစ်ခုစီကို သေချာတပ်ဆင်ပါ။






**အရေးကြီး**

ဆောင်းရာသီမှာ စက်ဘီး မသုံးဖြစ်ပါက ပြန်သုံးချိန်တွင်
အထူးသတိထားပြီး သေသေချာချာ စစ်ဆေးပါ။



# "စက်ဘီးကို အန္တရာယ်ကင်းစွာ အသုံးပြုနိုင်ရန် စည်းကမ်းငါးချက်"

## 1 ယေဘုယျအားဖြင့် စက်ဘီးများကို ကားလမ်းများပေါ်တွင် စီးနင်းပါ။လူသွားစင်္ကြန်မှာချွင်းချက်။






- စက်ဘီးများကိုယာဉ်အဖြစ်သတ်မှတ်သောကြောင့် ယေဘူယျစည်းမျဉ်းအရ ၎င်းတို့အား လမ်းများပေါ်တွင် စီးနင်းသင့်သည်။
- စက်ဘီးလမ်းရှိပါက စက်ဘီးလမ်းကို အသုံးပြုပါ။
- စက်ဘီးစီးနင်းခွင့်ပြုထားသော ဆိုင်းဘုတ်များရှိသော လူသွားလမ်းစင်္ကြန်တွင် စီးနင်းခွင့် ပြုထားသည်။
- အသက် 13 နှစ်အောက်ကလေးများ၊ အသက် 70 နှစ်အထက် သက်ကြီးရွယ်အိုများနှင့် မသန်စွမ်းသူများသည် လူသွားစင်္ကြန်တွင် စက်ဘီးစီးနိုင်သည်။
- ကားလမ်းကျဉ်းနေသည့်အခါမျိုး၊ ရှောင်လွှဲ၍မရသော အခြေအနေများတွင်၊ လူသွားစင်္ကြန်ကို ချွင်းချက်အဖြစ် အသုံးပြုနိုင်သည်။

## 2 စက်ဘီးများ လမ်းဘယ်ဘက်ခြမ်းမှ စီးနင်းပါ။



- လမ်း၏ဘယ်ဘက်ခြမ်းတွင် မောင်းနှင်ပါ။
- (လူသွားစင်္ကြန်မရှိသော)ကားလမ်းဘေးမျဉ်းတစ်လျှောက် စီးနင်းနိုင်သော်လည်း လူသွားလမ်းလာကို မပိတ်ဆို့စေရပါ။

## 3 လမ်းသွားလမ်းလာတွေကို ဦးစားပေးပြီး ကားလမ်းဘက်ကပ်၍ ဖြည်းဖြည်းချင်း စီးနင်းပါ။



- လူသွားစင်္ကြန်ပေါ်တွင် မောင်းနှင်သောအခါ ချက်ချင်းရပ်တန့်နိုင်လောက်အောင် ဖြည်းညှင်းစွာမောင်းနှင်ပါ။
- လူသွားလူလာအဟန့်အတားဖြစ်နိုင်ချေရှိလျှင် ခေတ္တရပ်ပါ။
- လူသွားစင်္ကြန်တွင် စက်ဘီးဘဲလ်ကို တတ်နိုင်သလောက်မသုံးပါနှင့်။
- လူသွားစင်္ကြန်ပေါ်တွင် လမ်းသွားလမ်းလာများကိုဦးစားပေးရမည်။ လိုအပ်ရင် စက်ဘီးပေါ်ကဆင်းပါ။

## 4 ဘေးကင်းရေး စည်းမျဉ်းများကို လိုက်နာပါ။



1. လူနှစ်ယောက်စီးခြင်းကို တားမြစ်ထားသည်။
2. စက်ဘီးများ ဘေးယှဉ်၍စီးနင်း ခြင်းကို တားမြစ်ထားသည်။
3. အရက်သောက်ပြီး စီးနင်းခြင်းကို တားမြစ်ထားသည်။
4. ညဘက်မှာ မီးဖွင့်စီးနင်းရန်။
5. မီးပွိုင့်စည်းကမ်း လိုက်နာပါ၊ လမ်းဆုံများတွင် ရပ်တန့်ကာ ရှေ့နောက်ဘယ်ညာကြည့်ပါ။
6. ကားမောင်းနေစဉ် ထီးသုံးခြင်း၊ ဖုန်းပြောခြင်း ၊ဖုန်း အသုံးပြုခြင်းမှ ရှောင်ကြဉ်ပါ။




## 5 စက်ဘီးစီးဦးထုပ်ဆောင်းပါ။



မွေးကင်းစကလေးများ ကလေးငယ်များသာမက စက်ဘီးအသုံးပြုသူတိုင်းဦးထုပ်ဆောင်းရန် မဖြစ်မနေလိုအပ်လာပါသည်။ မိဘများသည် ကလေး သို့မဟုတ် မွေးကင်းစကလေးများ စက်ဘီးစီးသည့်အခါ ဦးထုပ်ဆောင်းရန် သေချာစေရမည်။

## ယာဉ်မတော်တဆမှု ဖြစ်ပွားသည့်အခါ



**1** **ယာဉ်ကို ချက်ခြင်းရပ်ပါ။**

**2** **သင့်ယာဉ်ကို အခြားယာဉ်ကြောပိတ်ဆို့မှုမရှိစေရန် လမ်းဘေးသို့ ရွှေ့ပါ။**

**3** **ထိခိုက်ဒဏ်ရာရပါက လူနာတင်ယာဉ်ခေါ်ရန် 119 သို့ခေါ်ဆိုပါ။**



အရေးပေါ်ဝန်ဆောင်မှုများ မရောက်မချင်း၊ သန့်ရှင်းသော လက်ကိုင်ပုဝါဖြင့် သွေးထွက်ခြင်းကို ရပ်တန့်စေခြင်း၊ အားပေးခြင်းကဲ့သို့သော ရှေးဦးသူနာပြုစုနည်းကို လုပ်ဆောင်ပါ။ သို့သော် ထိခိုက်ဒဏ်ရာရသူအား မလိုအပ်ဘဲ မရွှေ့ပါနှင့်။

**4** **ထိခိုက်ဒဏ်ရာရရှိမှု၊ရှိသည်ဖြစ်စေ၊မရှိသည်ဖြစ်စေ 110 ကိုခေါ်ဆို၍ ရဲကိုခေါ်ဆိုပါ။**



ရဲတွေရောက်လာတဲ့အထိ မတော်တဆမှုဖြစ်တဲ့နေရာကနေ ဘယ်တော့မှ မထွက်ခွာပါနဲ့။ ယာဉ်မောင်းနှင်သူအနေဖြင့် စက်ဘီးစီးသူသည် ယာဉ်မတော်တဆမှု အခြေအနေကို ရဲအရာရှိထံ သတင်းပို့ရန် တာဝန်ရှိသည်။

## မမျှော်လင့်ထားသောကိစ္စများအတွက် အာမခံဝယ်ထားပါ။

**စက်ဘီးသုံးနေတယ်ဆိုရင်  မမျှော်လင့်ထားသောကိစ္စများအတွက် အာမခံဝယ်ထားကြပါစို့။**



- စက်ဘီးမတော်တဆမှုတွင် စက်ဘီးမောင်းနှင်သူ၌ လျော်ကြေးပမာဏများစွာ ကျသင့်နိုင်ချေရှိနိုင်သည်။
- ၎င်းအတွက်သင့်အာမခံ အကျုံးဝင်ခြင်း ရှိ၊ မရှိ သိရန် စစ်ဆေးပါ။

## စက်ဘီးခိုးယူခြင်း ကာကွယ်ရေး အခြေခံများ

**1** **သင့်စက်ဘီးကို ခေတ္တရပ်နားပါကလည်း သော့ခတ်ထားရန် ！ ！**




ရာဇဝတ်ကောင်များသည် စက်ဘီးခိုးယူရာတွင် အချိန်များစွာ မဖြုန်းချင်ကြသောကြောင့် ပုံမှန်သော့များအပြင် ဝါယာကြိုးသော့များနှင့် U-locks များကို အသုံးပြုခြင်းသည် အလွန်ထိရောက်ပါသည်။

**2** **စက်ဘီးရပ်နားရာနေရာ၌ပင်ဖြစ်စေ သတိပေါ့လျော့ခြင်းမပြုပါနှင့်။ တတ်နိုင်သမျှ ရွှေ့ပြောင်းနိုင်ခြင်းမသောအရာဝတ္ထုနှင့်ချည်နှောင်သော့ခတ်ပါ။ ！ ！**



**3** **မဖြစ်မနေစက်ဘီးပိုင်ဆိုင်မှု မှတ်ပုံတင်ရန်! ！**




စက်ဘီးပိုင်ဆိုင်မှု မှတ်ပုံတင်ခြင်းသည် ခိုးယူမှုမှ ကာကွယ်ရန်နှင့် စွန့်ပစ်ထားသော စက်ဘီးပိုင်ရှင်ကို ဖော်ထုတ်ရာတွင် အဓိကအခန်းကဏ္ဍမှ ပါဝင်ပါသည်။ မှုခင်းကြိုတင်ကာကွယ်ရေးအတွက် သင့်ရဲ့တန်ဖိုးကြီးတဲ့စက်ဘီးကို သေချာမှတ်ပုံတင်ကြပါစို့။

www.hiecc.or.jp/soudan    support@hiecc.or.jp    ဖုန်း: 011-200-9595    ဖက်စ်: 011-221-7845